www.burmeseclassic.com



အသံကျယ်ကျယ်ဖြင့် ထွင့်ခေါင်ထက် အမည်ကို ခေါ်လိုက်သည်။

စံအိမ်၏အတွင်းနောက်ဘက် မီးဖိုခန်းဆီမှ "ဘယ်သူလဲ" ဟူသော အသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ယောကျ်ားသံလား၊ မိန်းမအသံလား မရေရာ မကွဲပြားပါချေ။

"တို့ပါ . . . စိမ်းနွယ်အောင်ပါ"

ကျွန်ုပ်က အသံကို မြှင့်၍ ဖြေလိုက်မိသည်။ မီးဖိုခန်းမှတစ်ဆင့် ထမင်းစားခန်းကို ဖြတ်သန်း၍ အိမ်ရှေ့ဧည့်ခန်းသို့ ဦးတည်လျှောက်လာသော လျှာချင်းဖိနပ်သံသဲ့သဲ့ကို တဖျပ်ဖျပ် ကြားလိုက်ရသည်။

ကျွန်ုပ်သည် ထမင်းစားခန်းထွက်ပေါက်ရှိရာသို့ လှမ်းကြည့်နေစဉ် ကျွန်ုပ်၏ နောက်ကျောဘက်မှ . . .

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲဗျာ"

ဟူသော မွန်မွန်ရည်ရည်အသံတစ်သံကို ကြားလိုက်ရသည်။ ကျွန်ုပ်က နောက်ကျောဘက်သို့ ချာခနဲ လှည့်၍ကြည့်သည်။ ဤစံအိမ်ခန်းကျင်တွင် ကျွန်ုပ်နေထိုင်ခဲ့သော ကာလတစ်လျှောက်လုံး တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးသော လူငယ်တစ်ယောက်။





အသက် ၂၀ ခန့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည့် ညိုမောင်းသော အသားရောင်၊ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သည်။ ရှမ်းခမောက်ကို သူ၏ နဖူးထက်ဝက် ဖုံးအုပ်သည်အထိ ဆောင်းထားသည်။ ပင်နီတိုက်ပုံရင်စေ့နှင့် ရှမ်းဘောင်းဘီဝတ်ဆင်ထားသည်။ ဖိနပ်မပါ။ ခြေဖဝါးနှစ်ဖက်တို့ မြေပြင်တွင် အပြားလိုက် ချထားသည်။

"ငါ့ညီက ဘယ်သူလဲ။ ဒီအိမ်ကလား"

ကျွန်ုပ်က လူငယ်ကို မေးခွန်းထုတ်လိုက်သည်။

"ကျွန်တော့်နာမည် ဝေလုပါ။ ကျွန်တော် ဒီအိမ်ကြီးရဲ့နောက်ဘက်က တန်းလျားမှာနေပါတယ်။ ခြံဝင်းထဲမှာ အမှိုက်သရိုက်တွေ၊ သစ်ရွက်ခြောက် သစ်ကိုင်းခြောက်တွေရှင်းဖို့ လိုအပ်တဲ့အခါမျိုး၊ ထင်းခြောက်တွေ ခုတ်ရဖြတ်ရမယ့်အခါမျိုးတွေမှာ၊ နောက်ပြီး နောင်တော်နဲ့ အစ်မတော်တို့ စေခိုင်းသမျှ ဆောင်ရွက်စရာကိစ္စတွေကိုပါ ဆောင်ရွက်ပေးရ"

ဝေလုဆိုသူက ရှင်းပြသည်။ သူ၏ စကားအဆုံးမှာ . . .

"ဟယ် . . . အစ်ကိုအောင် ရောက်လာပြီ၊ အတော်ပဲ"

ဟူသော ကျေနပ်အားရစွာ ပြောလိုက်သံသည် စံအိမ်ထဲမှ ထွက်ပေါ်လာသည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုလူငယ်အား ကျောပေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးက စကားအဆုံးတွင် စံအိမ်ထဲမှ ထွက်ခွာရန် တံခါးပေါက်ဝသို့ ခြေဦးလှည့်လိုက်သည်။

"ဒါဖြင့် ကိုကိုထွဋ်နဲ့ပတ်သက်လို့ ကျွန်မတို့က ထူးထူးခြားခြား ဘာများဆောင်ရွက်ပေးဖို့ လိုမှာလဲ ဒေါက်တာ။ ဥပမာ ကိုကိုထွဋ်နဲ့ ဆက်ဆံတဲ့အခါမျိုးမှာ ဘယ်လောက်အတိုင်းအတာအထိ သူ့ဆန္ဒကို ဖြည့်ဆည်းပေးရမလဲ။ သူနဲ့ပတ်သက်လို့ ဘာတွေကို ဆင်ခြင်ရမလဲ ဆို တာလည်း ညွှန်ကြားခဲ့ပါဦး ဒေါက်တာ"

နန်းစောအေး၏ တောင်းဆိုချက်ကြောင့် ဆရာဝန်ကြီးက ရပ်တန့်၍ နန်းစောဘက်သို့ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

"အကောင်းဆုံးက သူ့ဆန္ဒမှန်သမျှကို သမီးတို့ ဖွမ်းဆောင်နိုင် သမျှ ဆောင်ရွက်ပေးကြစေချင်တယ်။ ကျုပ်မိတ်ဆွေကြီး ကိုမိုးထွဋ်ခေါင် ဟာ သူ့သားနဲ့သမီးအတွက် လိုလေသေးမရှိ တစ်သက်သုံးစွဲလို့ မကုန် အောင် အမွေအနှစ်တွေ ထားခဲ့တယ်။ ဒါကြောင့် သမီးရဲ့အစ်ကိုဖြစ်ချင်တဲ့ ဆန္ဒကိုပြည့်ပြည့်ဝဝ ဖြည့်ဆည်းနိုင်မှာပါ။ ဒါဆိုရင် မောင်ထွဋ်ခေါင်ထက်ရဲ့ စိတ်ပိုင်းဆိုင်ရာ ဝေဒနာက ရက်သတ္တပတ်အနည်းငယ်အတွင်း သက်သာ ပျောက်ကင်းသွားပါလိမ့်မယ်"





( ၅ )

ကျွန်ုပ်နှင့် နန်းစောတို့ ထမင်းစားသောက်ပြီးနောက် ထမင်း စားခန်းထဲမှ ထွက်လာခဲ့ကြသည်။ ဧည့်ခန်းထဲတွင် နေရာယူလိုက်ကြ သည်။ ယမန်နေ့ဥက ဖြစ်ရပ်အချို့ကို စပ်မိစပ်ရာ ပြောဆိုနေကြစဉ် သူနာပြု ဆရာမကြီးသည် စံအိမ်အပေါ်ထပ်မှ လှေကားဖြင့် ဆင်းလာသည်ကို မြင် လိုက်ရသည်။

"ကိုကိုထွဋ် အခြေအနေ ဘယ့်နယ်လဲ ဆရာမကြီး"

နန်းစောက ထိုင်ရာမှထ၍ မေးလိုက်သည်။ သူနာပြုဆရာမကြီး



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်ရှိရာသို့ ပြည့်ပြည့်ဝဝ မျက်နှာမူ၍ သူ၏ လတ်နှစ်ဖက်ကို ဘေးသို့ကား၍ ဆန့်တန်းလိုက်သည်။ ကျွန်ုပ်သည် ထွန့်ခေါင်ထက်ရှေ့သို့ တိုးကပ်သွားသည်။

ရင်ချင်းအပ်လျက် တစ်ယောက်နှင့်တစ်ယောက် လက်မောင်းများဖြင့် အပြန်အလှန် ရစ်ပတ်ဖက်တွယ်ထားလိုက်ကြသည်။ သူသည် ကျွန်ုပ်ထက် ကိုယ်ခန္ဓာကြံ့လို့သွားသော်လည်း ကျွန်ုပ်အား ဖက်ညှစ်ထားမှုမှာ ကျွန်ုပ်နှင့် တန်းတူပင်ဖြစ်သည်။ ထိုအချိန်မှစ၍ ထွန့်ခေါင်ထက်၊ နန်းစောနှင့် ကျွန်ုပ်တို့သည် မူလ ရင်းနှီးကျွမ်းဝင်ခဲ့ကြသော အခြေအနေသို့ ပြန်လည်ရောက်ရှိသွားကြလေတော့သည်။

❖ ❖ ❖





( ၆ )

ကျွန်ုပ်နှင့် နန်းစောတို့သည် နံနက်စာ စားသောက်ပြီးစီးချိန်များ တွင် သူနာပြုဆရာမကြီး၏ခွင့်ပြုချက်ဖြင့် ထွန့်ခေါင်ထက်နှင့် သွားရောက် တွေ့ဆုံရသည်။ သူ မြစ်ကြီးနားနှင့် မြန်မာပြည်မြောက်ဖျားဒေသသို့ လိုက် ပါသွားစဉ်က သိရှိခဲ့သော အကြောင်းအရာများကို သူက ပြန်လည်ပြော ပြခဲ့သည်။

ဆရာမကြီးက ထွန့်ခေါင်ထက်အား တစ်နေ့လျှင် တစ်နာရီမျှ သာ စကားပြောခွင့်ပေးသည်။ ထိုကဲ့သို့ ထွန့်ခေါင်ထက်က လေးရက် တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဝေလုက သူကြီးသားနှင့်ပတ်သက်၍ လိုက်လံစွာ ထောက်
သည်။ သူ့အနေနှင့် ထိုလူငယ်ကို အဖော်အဖြစ် ခေါ်သွားလိုကြောင်း ဆ
ရှိနေသည်မှာ အမှန်။ ထို့ကြောင့် ...

"ကောင်းပြီလေ။ မင်း ကျေနပ်ရင် ငါတို့ငြင်းပယ်စရာအကြောင်
မရှိပါဘူး။ သူ့နာမည်ကို ဘယ်လိုခေါ်လဲ"

"မာနရှော ဖြစ်ပါတယ်"

"ဒါဖြင့် မနက်ဖြန်မနက်စောစော အရုဏ်တက်ချိန်မှာ ခရီးထွ
ကြမယ်။ လိုအပ်တာ အဆင်သင့်ပြင်ထားဖို့ မင်းသူငယ်ချင်း မာနရှော
ပြောပြလိုက်"

ကျွန်ုပ်က လေးနက်စွာ အမိန့်ပေးလိုက်သည်။

ထိုအခါ ဝေလုက ကျွန်ုပ်၏စကားကို ဘာသာပြန်ပြလိုက်သော
ကြောင့် ရှုရွှန်စရွာသူကြီးနှင့် သူ၏သား မာနရှောတို့က အားရပါးရ ပြုံး
လိုက်ကြသည်။

❖ ❖ ❖





အချိန်အားဖြင့် အရုဏ်တက်ချိန်ကို ကျော်လွန်ခဲ့လေပြီ။

ရှေ့ဆုံးမှ ဒူးလေးနှင့်မြားကျည်တောက် လွယ်ထားသော လမ်းပြ
ဝေလု၊ သူနှင့်ဘေးချင်းယှဉ်လျက် မှုတ်ပြောင်းတစ်လက်နှင့် အဆိပ်လူး
မြားဆူး အပြည့်အစုံယူဆောင်လာသော မာနရှော။

သူတို့နှစ်ယောက်၏ နောက်တွင် နန်းစောသည် ဝင်ချက်စတာ
ရှ တစ်လက်ကို ပခုံးပေါ်တွင် ထမ်းလျက်သား ကျည်ဆန် အလုံ
အလောက်ပါသည်။ သူမသည် မြက်ဦးထုပ်ကိုဆောင်းလျက် သားရေ
ရှာတင်၊ ဘောင်းဘီရှည်၊ တောစီးဖိနပ်တို့ကို ဝတ်ဆင်ထားသည်။ သူမ၏
ကျော်နောက်မှ ကျွန်ုပ်က နှစ်လုံးပြူးသေနတ်တစ်လက် လွယ်လျက်၊
ကျည်ဆန်ခါးပတ်ကို စလွယ်သိုင်း သိုင်းထား၍ လိုက်ပါလာသည်။

စားနပ်ရိက္ခာခြောက်များနှင့် သောက်ရေဘူးများ၊ တောင်တက်
ရာတွင် အသုံးပြုရန် သုံးခွချိတ်တပ်ကြိုးခွေမှအစ လိုအပ်သမျှပစ္စည်း စုံစုံ
လင်လင်တို့ကို အတွေ့အကြုံရှိသော ဝေလု၏စီစဉ်မှုဖြင့် သူနှင့် မာနရှော
တို့က ခွဲဝေသယ်ဆောင်ခဲ့ကြသည်။

ကျွန်ုပ်နှင့်နန်းစောထံတွင် အမဲလိုက်ဓားမြှောင်တစ်လက်စီ
ခါးတွင် ကင်းပတ်စ်အိတ်ဖြင့် ထည့်လာခဲ့ကြသည်။ ကျောပိုးအိတ်ကိုယ်စီ



www.burmeseclassic.com

www.burmeseclassic.com



သခြင်မှဲ့နေသည်ဟုထင်ရလောက်အောင် အောက်သို့တွဲကျနေသည်။ ကျောတုန်းတွင် ကြီးမားသော ဘုကြီးတစ်လုံးမို့မောက်နေသောကြောင့် ကိုယ်ခန္ဓာရှေ့သို့ ကိုင်းညွှန်နေသည်ဟု ထင်ရသည်။

သူ့ကိုယ်သူ သခင်မ ဟူ၍ ရည်ညွှန်းပြောဆိုတတ်သော အမျိုးသမီးနှင့် ယှဉ်၍ ချက်နှာချင်းဆိုင်ရပ်နေသောကြောင့်မိန်းမကြီး၏အသွင်အပြင်မှာ အကြီးအကျယ် ပိုမိုအကျည်းတန်သွားသည်။ ထို့နည်းတူ သခင်မ ဟူသော အမျိုးသမီးသည် မိန်းမကြီးနှင့်ယှဉ်လိုက်သောအခါ အလှအပသည် အထွတ်အထိပ်သို့ ရောက်ရှိသွားသည်။

စင်စစ်အားဖြင့် ထိုမိန်းမကြီးသည် မည်သူမနှင့်ယှဉ်ယှဉ် အကျည်းတန်ဆုံး ဟူသော သရုပ်ကိုပြင်ဘက်မရှိရယူနိုင်လောက်သည်။ ထိုမိန်းမကြီး၏လက်ထဲတွင် ဝံပုလွေတစ်ကောင်၏အမြီးကို ကိုင်ဆောင်ထားသေးသည်။ ထို့ကြောင့် မကောင်းဆိုးဝါးတစ်ယောက်ဟု ကျွန်ုပ်၏ စိတ်ထဲတွင် ထင်မြင်ယူဆ ကောက်ချက်ချလိုက်မိသည်။

"ဘာကိစ္စနဲ့ သခင်မကို လာတွေ့တာလဲ ရှိမာ"

အမျိုးသမီးက ညြဏသံဖြင့် မေးလိုက်သည်။

"အကြောင်းမဲ့ ရှိမာ ဘယ်တော့မှ မလာဘူး။ မင်း နယ်မြေမှာ





မင်းက သခင်မဖြစ်တယ်။ ကျုပ်နယ်မြေမှာလည်း ရှိမာက သခင်မပဲ။ မင်းနယ်မြေထဲကို အခုရောက်နေကြတဲ့ လူသားသုံးယောက်ဟာ ကျုပ် ခွင့်ပြုချက်မရဘဲ ကျုပ်ပိုင်နက်ထဲက ဖြတ်သန်းသွားခဲ့ကြတယ်လို့ သတင်းကြားတယ်။ တစ်ယောက်ကို ကျုပ်တို့ ဖမ်းမိထားတယ်။ ကျန်တဲ့သုံးယောက်ကို ကျုပ်လက်ထဲကို အပ်ပါ။ ဒါဆိုရင် မင်းနဲ့ကျုပ် ဘာပြဿနာမှ မရှိဘူး။ ကိုယ့်ပိုင်နက်မှာ ကိုယ် အေးဆေးနေကြရုံပဲ။ ကျုပ်ပြောတဲ့အတိုင်း မလိုက်နာရင် နောက်တော့ ကျုပ်ကို အဆိုးမဆိုနဲ့။ ဒါပဲ"

မိန်းမကြီးက တင်းမာစွာပြောသည်။ ထို့ကြောင့် မာနရှောတို့ မိန်းမကြီး၏ လက်ပါးစေများက ဖမ်းဆီးထားကြောင်း ကျွန်ုပ် သဘော ပေါက်လိုက်မိသည်။

"ရှိမာ အခု ဘယ်သူ့ပိုင်နက်ထဲကို ရောက်နေသလဲ။ သခင်မရဲ့ ပိုင်နက်ထဲကို ကျူးကျော်ဝင်ရောက်လာပြီး ခြိမ်းခြောက်အရေးဆိုနေတာ အပြစ်ကျူးလွန်တာပဲ။ ဒါပေမဲ့ သခင်မက ဘဘဘုရားရဲ့ တော်ရူး ဆုတော်ကို စောင့်သိရှိသေတယ်။ ဒါကြောင့် ဒီတစ်ခါတော့ ရှိမာကို ခွင့်လွှတ်လိုက်မယ်။ အေးအေးသက်သာ ပြန်ပေတော့ ရှိမာ။ နောက်တစ်ကြိမ်ဆိုရင်တော့ အဲဒီလိုမျိုး ခွင့်လွှတ်မိမှာ မဟုတ်ဘူး။ ကဲ သွားပေဦးတော့"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ကျွန်ုပ်သ ည် ယခုအခါတွင် အကယ်၍ ရေမန်ကန်းကျားနာကြီးအား လက်တုံ့ပြန်နိုင်သော အခြေအနေမျိုးနှင့် ကြုံတွေ့ရသည့်တိုင်အောင် သတ်လိုသောဆန္ဒ လုံးဝမရှိတော့ပါချေ။

စင်စစ်အားဖြင့် ကျားဆိုကြီးသည် တောရိုင်းတိရစ္ဆာန်တစ်ကောင်ဖြစ်သောကြောင့် တောရိုင်းတိရစ္ဆာန်၏ အတွေးမျိုးသာလျှင် ရှိနေမည်ဖြစ်သည်။ သူ့အား မျက်စိတစ်ဖက် ပျက်စီးရှုံးယွင်းရန် ပြုလုပ်ခဲ့သော ခြေနှစ်ချောင်းနှင့် မတ်တတ်သွားသတ္တဝါ (လူသား)ကို နာကြည်းစိတ်ဖြစ်နေမည်မှာ သေချာသည်။

ထို့ကြောင့် ကျားနာကြီးအနေနှင့် သူ့ကို ဒုက္ခပေးခဲ့သော အသွင်သဏ္ဍာန်မျိုးမှန်သမျှကို သတ်ဖြတ်လိုစိတ် ဖြစ်နေလိမ့်မည်။ မျက်လုံးတစ်ဖက်သာ အသုံးပြုနိုင်သော ကျားအိုကြီးသည် တောတောင်ထဲတွင် အစာရှာဖွေရန် ပြေးလွှားလှုပ်ရှား သွားလာနေခဲ့သည်။ တံအားလျော့စွာ ဦးမိုးတွင်ရှုခေါင်နှင့် ရင်ဆိုင်တွေ့လိုက်ရသောအခါ နာကြည်းစိတ်နှင့်ယှဉ်သော ဆာလောင်မွတ်သိပ်စိတ်ကိုပါ ပေါင်းစပ်၍ ကိုက်ချီသယ်ဆောင်သွား၍ စားသောက်ခဲ့ခြင်း ဖြစ်တန်ရာသည်။





ထို့ကြောင့် သတ္တဝါဟူသမျှသည် အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်၊ အကုသိုလ်အရ ပစ္စုပ္ပန်ကာလတွင် ကောင်းကျိုး၊ ဆိုးကျိုးများကို မလွဲမရှောင်သာ ခံစားရမည်ဖြစ်ကြောင်း နားလည်သဘောပေါက်မိသည်

ကျွန်ုပ်သည် သဖန်းပင်ရိပ်တွင် တစ်ရေးတစ်မော အိပ်ခဲ့သည် အိပ်ရာမှနိုးသောအခါ သဖန်းသီးကိုမှီဝဲခဲ့ပြီး တောင်ခြေကိုပတ်၍ လျှောက် လာစဉ် တစ်စ တစ်စနှင့် မှောင်စပြုလာသည်။ ကျွန်ုပ် အိပ်စက်နားနေ မည့် လုံခြုံစိတ်ချရသော ဂူပေါက်တစ်ခုခုကို တွေ့လိုတွေ့ငြား ရှာဖွေ သည်။ လိုဏ်ဂူ၊ လိုဏ်ခေါင်းတစ်ခုခုတွင် အိပ်စက်နားနေပြီး နောက် တစ်နေ့နံနက်ကျမှ နန်းတော်၏ကိစ္စကို ရှင်းရတော့မည်။

ကျွန်ုပ်၏ မျက်နှာမူရာ ကိုက်ငါးဆယ်အကွာတွင် လိုဏ် ပေါက်ဝအရိပ်ကို မြင်လိုက်ရသည်။ ကျွန်ုပ်သည် ဝမ်းမြောက်ဝမ်းသာဖြ ချေသို့ ခပ်သွက်သွက် တိုးသွားစဉ် ကျောက်လိုဏ်ဂူအတွင်းမှ ထွက်လာ သော အသွင်သဏ္ဍာန်တစ်ခုကို မြင်လိုက်ရသည်။

ထိုအသွင်သဏ္ဍာန်ကို ယခင်အခါက တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး သော်လည်း တွေ့တွေ့ချင်း ရေမန်ကန်းဟု အမည်ပေးထားသော ကျား နာကြီးဖြစ်ကြောင်း ချက်ချင်း တွေးလိုက်မိသည်။ ကျွန်ုပ်၏ ခြေဖဝါးထင်ယှား



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်လိမ့်မည်ဟု ယူဆမိသည်။

တဖြည်းဖြည်းနှင့် ရှေ့မှ မိန်းမငယ်သည် ကျွန်ုပ် ထိုင်နေသော ကျောက်ဖျာရှိရာ ကုန်းမြင့်အထက်သို့ အတက်လမ်းဖြစ်သည့် ဆင်ခြေလျှောအောက်ခြေသို့ပင် ရောက်လာလေပြီ။

သူမသည် ကုန်းမြင့်ဆင်ခြေလျှောသို့ အားသွန်ခွန်စိုက်ဖြင့် ခါး ကုန်းလျက် နေရာသို့အရောက် ခြေကားယား၊ လက်ကားယားဖြင့် နောက်သို့ လန်ကျလုနီးပါး ဖြစ်သွားသည်။ နောက်မှ လိုက်လာသော သတ္တဝါ နှစ်ကောင်သည် မိန်းမငယ်နှင့် ပိုမို နီးကပ်လာလေပြီ။



ထိုအခါ ကျွန်ုပ်သည် အားနွဲ့သော မိန်းမသားတစ်ယောက် ဟူသောအမြင်ဖြင့် အကူအညီပေးရန် ထိုင်ရာမှ ထလိုက်သည်။ ခေါင်းခြ လျောရှိရာ ကုန်းမြင့်ထိပ်သို့ ခြေလှမ်းလိုက်စဉ် . . .

"ဒကာ . . . ကိုယ့်နေရာမှာပဲ ပြန်ထိုင်နေပါ။ အန္တရာယ်ပေးမည့် သူကို ကူညီရင် ပြဿနာဖြစ်တတ်တယ်"

ဟူသော အသံက ကျွန်ုပ်၏ နောက်ဘက် လိုက်ဂူ . . . ထွက်ပေါ်လာသည်။ ထို့ကြောင့် ကျွန်ုပ်သည် လှမ်းစပြုနေသော ခြေကို ပြန်လည်ရုပ်တန့်လျက် ခြေတစ်လှမ်း နောက်ဆုတ်လိုက်သည်။

ပြီးပါပြီ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အရှင်ဘုရားပြောတဲ့ အစိမ်းရောင် မွဲပြာပြာထွက်နေသူဟာ ပါးနပ်ကောက်ကျစ်စဉ်းလဲသူ၊ ကလိမ်ဉာဏ်နဲ့ ပရိယာယ်ကြွယ်သူဖြစ်တဲ့အတွက် မာယာနန္ဒီဟာလည်း အဲဒီအချက်တွေနဲ့ တစ်ထပ်တည်းကျနေတဲ့အတွက် သူလည်း မွဲပြာပြာ အစိမ်းရောင်မျိုး ထွက်နေမှာပေါ့နော်"

ဟူသော ပြောသံကို ကြားလိုက်ရသောအခါ ထိုသို့ပြောသော အမျိုးသမီးသည် မည်သူဖြစ်ကြောင်း ကျွန်ုပ် ရုတ်တရက် မှတ်မှတ်ရရ သိလိုက်သည်။

ထိုသို့ ပြောလိုက်သူသည် မာယာနန္ဒီနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး အလွန်ကြာ အကျည်းတန်သော ရှီမာ အမည်ရှိ အမျိုးသမီးကြီးမှတစ်ပါး အခြားသူ မဖြစ်နိုင်ကြောင်း သဘောပေါက်လိုက်မိသည်။

ထိုအခါ ကျွန်ုပ်သည် မျက်စိစုံမှိတ်၍ လဲလျောင်းနေရာမှ ရုတ် ... မျက်စိဖွင့်၍ ငုတ်တုတ်ထိုင်လိုက်မိသည်။ ထို့နောက် ဖြည်းဖြည်း ... ဝ.ကာ လိုက်ဂူအပေါက်ဝရှိရာသို့ လျှောက်သွားလေတော့သည်။

❖ ❖ ❖





( ၁၉ )

ကျွန်ုပ်သည် လိုက်ဂူပေါက်ဝမှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အပြင်ဘက် ကျောက်ဖျာကြီးပေါ်တွင် သူတော်စင် ရသေ့ကြီးသည် သက်သောင့်သက်သာ ထိုင်နေသည်။

ရသေ့ကြီး၏ ရှေ့တွင် သစ်သီးသစ်နံများ ထည့်ထားသော ငွေလင်ပန်းနှင့်အတူ ပဝါဖြူဖြူထုပ်ထားသော အထုပ်တစ်ထုပ်ကိုပါ ... လက်အုပ်ချီလျက် ကန်တော့နေသော ရှီမာဆိုသည့် အကျည်းတန် ... တို့ မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီး လျှောက်သွားရာသို့ မျက်နှာမူ၍ ကန်တော့နေသည်။ နှစ်ယောက်စလုံး ဦးချကန်တော့ရာမှ ဦးခေါင်းကို ကြွ၍ မော့ကြည့်လိုက်သောအခါ ကျွန်ုပ်တို့၏ မြင်ကွင်းထဲတွင် သူတော်စင်ရသေ့ကြီးကို လုံးဝ မတွေ့ကြရပါတော့ချေ။

❖ ❖ ❖

ကျွန်ုပ်သည် ရှီမာ၏ ညွှန်ပြချက်ဖြင့် မနီးမဝေးတွင်ရှိသော တောင်ကျစမ်း ရေတံခွန်ရှိရာသို့ လျှောက်သွား၍ မျက်နှာသစ်ရာတွင် စမ်းရေ၏ လန်းဆန်းသောအတွေ့ကြောင့် တစ်ခါတည်း ရေချိုးလိုက်သည်။

ကျွန်ုပ် ဝတ်ဆင်ထားသော အဝတ်အထည်များကို စမ်းရေတွင် စိမ်၍ လျှော်ဖွပ်ကာ ချုံပေါ်တွင် တင်၍ နေလှန်းသည်။ အနည်းငယ် ခြောက်သွေ့သွားသောအခါ ကောက်ယူဝတ်ဆင်လိုက်သည်။ လိုဏ်ဂူရှိရာသို့ ပြန်လျှောက်လာစဉ်၊ ကျွန်ုပ်၏ ဝတ်ထားသောအဝတ်များ ဖြည်းဖြည်းချင်း ကိုယ်ငွေ့ဖြင့် ခြောက်သွေ့သွားလေသည်။





လိုဏ်ဂူအပြင်ဘက် ကျောက်ဖျာပေါ်တွင် စားစရာ သစ်သီးဝလံများသာမက၊ ဖွယ်ဖွယ်ရာရာ မုန့်ပဲသရေစာဖြစ်သော ပေါက်ပေါက်ဆုပ်နှင့်ထန်းလျက်၊ လက်ဖက်ရည်ကြမ်းကရားနှင့်ပန်းကန်လုံး စသည်တို့ကို အမျိုးသမီးကြီးက ပြင်ဆင်ပေးထားသည်။

လိုဏ်ဂူတွင်းရှိ ဆင်းတုတော်ရှေ့တွင်လည်း အနီးပတ်ဝန်းကျင်မှ တောပန်းအချို့ကို ခူး၍ မြေညောင်ရေအိုးဖြင့် ကပ်လှူပူဇော်ထားသည်။ ထို့ကြောင့် အမျိုးသမီးကြီး ယူဆောင်လာသော ပဝါဖြူအထုပ်ထဲတွင် ရသေ့ကြီးအတွက် လိုအပ်သ၍ ပြည့်ပြည့်စုံစုံ ထည့်ယူဆောင်လာခြင်းဖြစ်ပေလိမ့်မည်။

ကျွန်ုပ်၏ အမြင်တွင် ရှီမာ၏ အသွင်သဏ္ဌာန်သည် မာယာနန္ဒီထံ၌ တွေ့ခါစနှင့်မတူဘဲ အကျည်းတန်မှု လျော့ပါးလာသည်ဟု ထင်သည်။ သူမ၏ စိတ်ရင်းအမှန်ဖြစ်သော စိတ်တောင်း စေတနာတောင်များသည် ပေါ်လွင်ထင်ရှားလာသည်နှင့်အမျှ ဥပမိရုပ်သဏ္ဌာန်သည်လည်း လိုက်လျောညီထွေ အဆင်ပြေလာခြင်းဖြစ်တန်ရာသည်။

ရှီမာသည် ကျွန်ုပ်ကို အကဲခတ်နေသည်။

ကျွန်ုပ်က ရှီမာ ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများ။



www.burmeseclassic.com

www.burmeseclassic.com



နေသူ တစ်ယောက်အဖို့ ခြေတစ်လှမ်းနှင့်တစ်လှမ်း ခဲခဲယဉ်းယဉ်း ကြီးစားလျှောက်လှမ်းနေရသည်။

ဆာလောင်မွတ်သိပ်ခြင်းနှင့် ရေငတ်ခြင်းတို့ကလည်း ရက်ပေါင်း မည်မျှကြာအောင် အစာငတ်မွတ်၍ ရေမသောက်ခဲ့ရခြင်းကို သူမအနေနှင့် ခန့်မှန်းတွက်ဆနိုင်ခြင်း မရှိပါချေ။

မည်သို့ပင်ဖြစ်စေ . . . ရှီမာသည် သူမ၏ ဘဝတစ်လျှောက်လုံး ဤကဲ့သို့သော ကြိုးပမ်းအားထုတ်မှုကို တစ်ကြိမ်တစ်ခါမျှ မပြုလုပ်ခဲ့ဖူးပါချေ။ စင်စစ်အားဖြင့် အိပ်မက်ဆိုသည်မှာလည်း မည်သူကမျှ ရေရေရာရာ အာမခံနိုင်သော အကြောင်းတရားမဟုတ်။

အိပ်မက်ထဲတွင် မထင်မရှားတွေ့ရသော ဆာဒူးကြီး၏ အသွင်သဏ္ဍာန်နှင့် မရေမရာညွှန်ကြားချက်များသည် ကိုယ်ခန္ဓာမှဒဏ်ရာများနှင့် သူမ၏ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများကြောင့် အားကိုးအားထားပြုစရာ တစ်စုံတစ်ယောက်ကို အသည်းအသန် လိုအပ်နေချိန်ဖြစ်သည်။ အလ္လာရှိ ပုံပြင်ထဲမှ တန်ခိုးရှင် တစ်ယောက်ယောက်ကို တမ်းတမိရာမှ သူမ၏ အိပ်မက်ထဲတွင် စိတ်ပိုင်းဆိုင်ရာ အားကိုးစရာသဏ္ဍာန်တစ်ခု ဝိုးတဝါး ပေါ်လာခြင်းလည်း ဖြစ်နိုင်သည်။





တစ်ခုထူးခြားသည်မှာ လူသားများသည် ကျောက်ခေတ် နှောင်းကာလကတည်းက တစ်စုံတစ်ရာ ကြောက်ရွံ့မှုဖြစ်လာလျှင် အားကိုးအားထား အမှီအတွယ်တစ်ခုခု ရှာကြသည်။ စိတ်ပိုင်းဆိုင်ရာ ယုံကြည်ကိုးစားမှုကို ရှာဖွေရာမှ ကြီးမားတုတ်ခိုင်၍ အပွေးများထတ်နေသော (တစ်နည်းအားဖြင့်) ကျိုးကျသော သစ်ကိုင်းကြီးတစ်ခု၏ အရှင်း၌ ကျိုးပေါင်းတက်နေသည့် ရှုပ်တွတ္တ သဏ္ဍာန်ဖြစ်စေ၊

အဖုအထစ်များနှင့်အချိုင့်အဝှမ်းများနှင့် သဘာဝအတိုင်း မြင့်တည်နေသော ကျောက်တုံးကြီးများ၊ တောင်ကမ်းပါးယံတွင် အလို အလျောက်ဖြစ်ပေါ်နေသော အရုပ်ဆိုးဆိုး လူမျက်နှာသဏ္ဍာန် ပုံကြမ်းကြီးများ စသည်တို့ကို ကြောက်ရွံ့မှုကြောင့် အားကိုးအားထားပြုတာ ကိုးကွယ်ပသခဲ့ကြသော အစဉ်အလာသည် ယခု မျက်မှောက်ခေတ်တိုင်အောင် ရှိကြသည်။

ထိုဖြစ်ရပ်နှင့် အလားတူစွာ ရှီမာသည် ရေရေရာရာ မဟုတ်သဲထင်မိထင်ရာ ဆာဒူးကြီးတစ်ယောက်ကို အိပ်တစ်ဝက် နိုးတစ်ဝက် အိပ်မက်လိုလို မြင်မက်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။ တစ်နည်းအားဖြင့် ဆာဒူးဆိုသည်မှာလည်း စိတ်ပိုင်းဆိုင်ရာ အကျင့်လွန် ပုဂ္ဂိုလ်များဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com



သူမသည် မျက်လုံးအစုံကို ဖွင့်လျက် ဆရာဒွေးကြီးအား ရိုသေလေးစားစွာ စူးစိုက်ကြည့်ရှုလိုက်သည်။

ဆရာဒွေးကြီးက မျက်နှာထားတင်းလျက် တစ်စုံတစ်ရာကို နက်နက်ရှိုင်းရှိုင်းတွေးနေရာမှ . . .

"မင်းကို ဆရာဒွေးကြီး အခုလို စိတ်စွမ်းအင် အထက်မြက်ဆုံးအချိန်မှာ စေတနာသန့်သန့်နဲ့ကုသပေးလိုက်တာ ဖြစ်တယ်။ ဒါပေမဲ့ မင်းဆီက ကျုပ်တစ်ခုခု ပြန်လည်ရကောင်းစေဆိုတဲ့ တောင်းဆိုမှု မပါဘူး။ မင်းဆန္ဒအတိုင်းသာ ရှိပါစေ။ မင်းရဲ့ ဒဏ်ရာဝေဒနာ ရာခိုင်နှုန်းပြည့်သက်သာသွားပေမယ့် ခန္ဓာကိုယ် အချိုးအစားက တစ်နည်းတစ်ဖုံပြောင်းလဲသွားလိမ့်မယ်။ ဒါပေမဲ့ အသက်အန္တရာယ်က ကင်းရှင်းသွားတာကိုက အင်မတန် ကုသိုလ်ကောင်းလို့ပဲ"

"ဆရာဒွေးကြီး ဘာကို ဆိုလိုတာလဲလို့ သမီးတော် သိပါရစေ"

"ရှင်းရှင်းပြောရရင် မင်းရဲ့ ကျောကုန်းအထက်မှာ အရိုး၊





အကြောတွေ ပျက်စီးချို့ယွင်းသွားတယ်။ ဒါပေမဲ့ မကောင်း သူ့အနေအထားအတိုင်း ပြန်လည်ဆက်စပ်သွားတဲ့အခါကျတော့ အဲဒီ အရိုးအကြော ဆုံရုံးနေရာမှာ ကျိုးပေါင်းတစ်ခု ဖြစ်သွားခဲ့တယ်။ တကယ်တော့ အဲဒီ ကျိုးပေါင်းဟာ ပျက်စီးချို့ယွင်းသွားတဲ့အရိုးကို အကြောတွေနဲ့ ပေါင်းစည်းပြီး ရစ်သိုင်းအုပ်ခြုံထားလိုက်သလိုဖြစ်သွားတယ်။ ဒါကြောင့် အဲဒီနေရာမှာ ကျိုးပေါင်းဖြစ်နေတာကလွဲရင် အရိုးဟာ နောက်ကို ဘယ်တော့မှ ပြန်လည်ပြုတ်ထွက်ခြင်း၊ ကျိုးခြင်း မဖြစ်တော့ဘဲ ခိုင်မြဲနေလိမ့်မယ်။ ကျေနပ်ရဲ့လား"

ဆရာဒွေးကြီးက ရှိမာကို စူးစိုက်ကြည့်ရှုလျက် မေးသည်။

ရှိမာက ပျော်ပါးသွက်လက်စွာ ဦးခေါင်းညိတ်ပြသည်။

"သမီးတော် ကျေနပ်ပါတယ်အဘ။ တကယ်လို့ အဘသာ တယ်ဆယ်ကုသမှုမပြုခဲ့ရင် သမီးတော်ဟာ အသက်ဆုံးရှုံးခြင်းဖြစ်စေ၊ ခုလိုတာအဖြစ်နဲ့ ဝေဒနာကိုပြင်းထန်စွာခံစားရင်းနဲ့ သေခြင်းတရားရှိရာကို တရွေ့ရွေ့ လျှောက်လှမ်းသွားရမှာ သေချာပါတယ်"

"အေး . . . သမီး သဘောပေါက်ရင် ဆရာဒွေးကြီး ဝမ်းမြောက်သွားပြီ။ ကျုပ် အမိဌာနက ထွက်တဲ့နေ့မှာ ပြုလိုက်ရတဲ့ကုသိုလ်တို့ ကျော်



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကျောက်ဂူထဲကို နှစ်ပေါင်းများစွာ သဘာဝအတိုင်း ကျောက်စက်ရည် တစ်စက်စက် ကျရာက ရေအိုင်ချိုင့်ခွက်လေး ဖြစ်နေတယ်။ အဲဒီ ရေအိုင်ချိုင့်ခွက်လေးရဲ့ အသွင်သဏ္ဌာန်ဟာ အသည်းပုံနဲ့ ဆင်ဆင်တူတယ်။ အဲဒီ နှစ်ရှည်သဘာဝကျောက်စက်ရည်ကို သောက်ရင် အသက်ရှည်တယ်လို့ အယူရှိကြတယ်။ ဒါပေမဲ့ အခုတော့ မာယာက သူ့ကိုယ်သူ အသက်ရှည်အောင် အဲဒီ ကျောက်စက်ရည်တွေကို နေ့တိုင်း သောက်လို့ ခန်းခြောက်တော့မယ်။

ထကယ်တော့ မာယာဟာ စိတ္တဇ ဖြစ်နေပြီ။ ရူးသွပ်နေပြီ။ အဲဒီအကြောင်းကို မာယာ ဖမ်းဆီးထားရာက ထွက်ပြေးလွတ်မြောက်လာတဲ့ အမျိုးသမီးတစ်ယောက်ဆီက ကြားသိရတာ။ မာယာ့ အစေအပါးမိန်းကလေးလည်း မာယာကြောင့် သေသွားပြီတဲ့။ ရှင်နဲ့ပါလာတဲ့ မိန်းကလေးကရော အပျိုစင် တစ်ယောက်လား"

ကျွန်ုပ်က စဉ်းစဉ်းစားစားဖြင့် ဦးခေါင်းညိတ်ပြလိုက်သည်။

"ဒါဆိုရင် အမြန်ဆုံးသွားပြီး ကယ်မှဖြစ်တော့မယ်။ ကျွန်မ





ဆီမှာ ရောက်နေတဲ့ ဝေလု ဆိုတဲ့လူငယ်နဲ့ မာနရှောကို ကျွန်မ သွားခေါ်ခဲ့မယ်။ ရှင့်မှာလည်း လက်နက်ပါတယ် မဟုတ်လား။ မာယာက အဲဒီ မိန်းကလေးရဲ့ သွေးကိုအသုံးမပြုခင် အချိန်မီသွားမှဖြစ်လိမ့်မယ်"

ရှီမာက အလောသုံးဆယ် တိုက်တွန်းသည်။

ထို့ကြောင့် ကျွန်ုပ်သည် ရှီမာ လမ်းညွှန်သည့်အတိုင်း နန်းမဆောင်လိုက်ဂူသို့ အပြေးအလွှား ခြေဦးတည်ခဲ့ရသည်။ တစ်ချိန်တည်းမှာပင် ရှီမာသည်လည်း ဝေလုနှင့် မာနရှောတို့ကို သွားခေါ်ရန် ဖြတ်လမ်းမှ သုတ်ခြေတင် သွားလေပြီ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လက်တွင်းရှိ ဒူးလေးမှ မြားတံသည် လေထုကို ဖြတ်သန်း၍ မာယာ၏ ညာလက်ဖျံသို့ စူးဝင်နစ်မြုပ်သွားသည်။ သူမသည်

"အား"ခနဲ တစ်ချက်ညည်းတွားသံ ထွက်ပေါ်လာပြီး သူမ၏ ညာလက်ဖျံမှ မြားတံကို ဆွဲနုတ်လျက် ကျွန်ုပ်တို့ဘက်သို့ မျက်နှာမူလိုက်သည်။ သူမ၏မျက်လုံးအစုံထဲတွင် ဒေါသမီးရောင် ဖျတ်ခနဲ တစ်ချက် လင်းလက်သွားသည်။

သူမက အံကို တင်းတင်းကြိတ်၍ ဥမင်လမ်းကြောင်းအတိုင်း လိုက်ဂူပြင်ပသို့ အရှိန်အဟုန်ဖြင့် မိုးရေထဲတွင် ပြေးထွက်သွားသည်။

ကျွန်ုပ်သည် နန်းစော၏ လက်နှင့်ပူးတွဲချည်နှောင်ထားသော သံကွင်းမှ ကြိုးများကို သွက်လက်စွာဖြတ်တောက်လိုက်သည်။ ထို့နောက် နန်းစောကို ဆွဲ၍ ဥမင်လမ်းကြောင်းမှ လျှောက်လာခဲ့ကြစဉ် လိုက်ဂူအပြင်ဘက်မှ စူးစူးဝါးဝါး လျှပ်ပြက်လိုက်သဖြင့် ဂူတွင်း၌ လင်းထိန်သွားသည်။

"ဂျိန်း . . . ဂျလိန်း . . . ဂျိန်း"

ဟူသော မိုးကြိုးပစ်သံကြီးသည် နားကွဲမတတ် မြည်ဟည်းသွားသည်။





"လာ . . . လာကြ၊ မြန်မြန်ထွက်ကြစို့၊ ဒီလိုက်ဂူဟာ အန္တရာယ် မကောင်းဘူး"

ကျွန်ုပ်က ပြောပြောဆိုဆိုဖြင့် နန်းစောနှင့်အတူ ပြေးထွက်လာကြသည်။ နောက်ထပ် လျှပ်လက်ခြင်းကြောင့် မြင်ကွင်းတစ်ခုလုံး လင်းထိန်သွားပြန်သည်။ ထိုအလင်းရောင်ဖြင့် ဂူပေါက်ဝ အပြင်ဘက် မြေပြင်ပေါ်တွင် မိုးကြိုးပစ်ခံထားရသော ခန္ဓာကိုယ်တစ်ခုတွေ့ရသည်။ ကျွန်ုပ်နှင့် နန်းစောအပါအဝင်၊ ဝေလု၊ မာနရှောတို့သည် မိုးရေထဲသို့ ဖြတ်သန်း၍ လိုက်ဂူနှင့် အလှမ်းကွာဝေးသောနေရာသို့ တာတိုအပြေးသမားပမာ အရှိန်အဟုန်ဖြင့် ပြေးလွှားရောက်ရှိနေလေပြီ။

လျှပ်ပြက်သော အလင်းရောင်ထဲတွင် လိုက်ဂူပြင်ပ၌ မိုးကြိုးပစ်ခံထားရသူသည် "ရှီမာများ ဖြစ်လေမလား"၊ ရှီမာသည် ကျွန်ုပ်တို့၏ အခြေအနေကို သိလိုသောကြောင့် လိုက်လာစဉ် မိုးကြိုးပစ်ခံရခြင်းများလား ဟူ၍ တွေးမိလိုက်သည်။

နောက်ထပ် နစ်ကြိမ်မျှ လျှပ်ပြက်ခြင်းနှင့်အတူ ဆက်တိုက် မိုးကြိုးပစ်လိုက်သံကို ကြားရသောအခါ ကျွန်ုပ်တို့ လေးယောက်စလုံး တောင်ပတ်လမ်းကြောင်းသို့ပင် ရောက်ရှိနေလေပြီ။ ထိုအချိန်အတန်



www.burmeseclassic.com

